# အင်္ဂလန်ခရီး မပြီးသေးပါ (၂၂)

အရှင်ဉာဏိက



ကိုယ့်ရဲ့အင်္ဂလန်ခရီးမှာ ကမ္ဘာကျော် အောက်စဖို့တက္ကသိုလ်ကို သွားလည်ဖို့က ဦးစားပေး စာရင်းထဲမှာပါ။ ရင်းနှီးတဲ့အမည် အစဉ်အတိုင်းသာ သွားရမယ်ဆိုလျှင် အောက်စဖို့က ခရီးစဉ်တစ်ခုလုံးရဲ့ ရှေ့မှာ ရှိနေမှာ။ အောက်စဖို့ဆိုတဲ့ အမည်ကို ဟိုးငယ်ကတည်းက ကျွမ်းဝင်နေခဲ့တာ။ ဒါပေမယ့် အခြားနေရာတွေကို အရင်သွားနေခဲ့တော့ အောက်စဖို့ကို တော်တော်နဲ့ မသွားဖြစ်နိုင်ခဲ့ဘူး။ ပြန်ဖို့ရက် နီးလာကာမှပဲ အောက်စဖို့ကို ရောက်နိုင်တော့တယ်။ ရောက်ပြန်တော့လည်း ရောက်တယ်ဆိုရုံမျှ၊ အပြေးအလွှား။ တကယ်တော့ ဒီလိုထင်ရှားကျော်ကြားတဲ့ နေရာမျိုးဆိုတာက အချိန်ပေးကာ အေးအေးဆေးဆေး လေ့လာပါမှ။ အတန်အသင့်နှံ့မှာ။ သို့ပေမယ့် အောက်စဖို့က ထင်ရှားတဲ့နေရာဖြစ်လို့ သူ့အကြောင်းရေးခဲ့ကြ ပြောခဲ့ကြတာတွေကလည်း အများကြီးဖြစ်နေမှာပါ။ သူတို့တွေကတော့ သုတေသန ရှုထောင့်၊ ပညာရှင်အမြင်နဲ့ ပြောကြမှာမို့ ပညာရှင်တွေအတွက် ဖြစ်လျှင်ဖြစ်နေမှာပေ့ါ။ သာမန်သူတွေအတွက်က သိပ်ပြီးသုတေသနမဆန်ဖို့ လိုမယ်ထင်တယ်လေ။ ကိုယ်ကတော့ သုံးနာရီလောက် ကြာကြာသာ တက္ကသိုလ်ပရိဝုဏ် အတွင်းမှာ လမ်းလျှောက်ဖြစ်ခဲ့တာ။ ဒီတော့ ဒီအချိန်လေးအတွင်းမှာပဲ ကိုယ်ဘာတွေတွေ့လို့ ဘာတွေမြင်ခဲ့သလဲ။ ကိုယ့်ခံစားမှုက ဘယ်လိုလဲ။ ဒါကိုပဲ ကိုယ်က ပြောပြမှာ။ တစ်ယောက်နဲ့တစ်ယောက်က မြင်ရတာချင်းတူလျှင်တောင် ခံစားမှုချင်းက မတူနိုင်ဘူးလေ။ ဒီတော့ အောက်စဖို့အကြောင်း ကောင်းကောင်း သိထားတယ်ဆိုလျှင်တောင် အဲဒီအသိက ကိုယ့်အသိနဲ့တော့ တူနိုင်မယ် မထင်ဘူး။ မတူတာကိုပဲ ကိုက်ကပြောချင်တာ၊ ပြောပြမှာ။ ဆက်ဖတ်ဦးပေ့ါနော။

အောက်စဖို့ကို စတင်တည်ထောင်တဲ့နှစ် အတိအကျပြောဖို့ခက်ပေမယ့် ၁၂ ရာစုကတည်းက စတင်ဖွင့်လှစ်ခဲ့တယ်လို့ လက်ခံထားရဲ့။ ဒီတက္ကသိုလ်ကြီးက အင်္ဂလိပ်ဘာသာသုံးစွဲသူတွေကြားမှာတော့ ရှေးအကျဆုံးဖြစ်တဲ့ တက္ကသိုလ်ကြီးပေ့ါ။ ကောလိပ်ပေါင်း သုံးဆယ့်ရှစ်ခုနဲ့ ဖွဲ့စည်းထားတဲ့ ကြီးကျယ်တဲ့ ကျောင်းတော်ကြီး။ ရှည်လျားကြီး ခမ်းနားတဲ့ သမိုင်းကြောင်းကောင်းများကြောင့် ပညာရှာတွေ၊ ပညာရှင်တွေ စိတ်ဝင်စားမှုကို ခံရတဲ့ တက္ကသိုလ်ကြီး။ အောက်စဖို့ကို ကိုယ်ရောက်သွားတော့ ညနေစောင်းချိန်။ ကိုယ့်အတွေ့အကြုံအရ ဒီအချိန်မျိုးမှာက အတန်းတွေ ခဏနားတတ်ချိန်။ နောက်ပြီးလည်း ခုချိန်က နွေရာသီ၊ ဇွန်လကုန်လေ။ သူတို့အခေါ်အဝေါ်အရဆိုလျှင်တော့ Trinity Term (သုံးခုပေါင်းစုညီမှု) စာသင်ရာသီ ပြီးကာစပေ့ါ။ (Michaelmas Term lasts from October to December; Hilary Term from January to March; and Trinity Term from April to June). ဒီအချိန်မျိုးမှာ အများအားဖြင့် ကျောင်းသားဦးရေ နည်းနေတတ်တယ်။ ဒါပေမယ့် အောက်စဖို့တက္ကသိုလ်ရဲ့ အများစုကောလိပ်စာသင်ဆောင်တွေက ကားဗရက်ဈေးကြီးနဲ့ ကလရင်ဒန် ဈေးဆိုင်ကြီးတွေအနီးမှာလေ။ နောက်ပြီး အောက်စဖို့မြို့လယ်မှာ။ ဒီတော့ ဈေးဝယ်သူတွေ၊ အောက်စဖို့တက္ကသိုလ်ရဲ့ ကမ္ဘာကျော်မှုရယ်ကြောင့် လာရောက်လေ့လာနေသူတွေနဲ့ဆိုတော့ အောက်စဖို့မြို့လယ် လမ်းမများပေါ်မှာ လူတွေနဲ့စည်ကားနေလေရဲ့။ ဒီအထဲမှာ ကျောင်းသားကတော့ အနည်းအကျဉ်းလောက်ပဲ ပါနိုင်မယ်လို့ ကိုယ့်ရဲ့အသိက အလိုလိုနားလည် လိုက်မိတယ်။ ကျောင်းသားတွေဆိုတာ ဘယ်တော့မှ ကိုယ့်ကျောင်းထဲကကျောင်းဆောင်တွေကို အထူးတလည် ကြည့်နေတတ်ကြသူတွေမျိုးမှ မဟုတ်တာ။ ခုဒီလူတွေကတော့ ဟိုငေးဒီငေး။ နောက်ပြီး ကိုယ့်လိုပဲ ဓာတ်ပုံမှတ်တမ်း တင်သူတွေက တင်လို့။ သူတို့တွေထဲမှာ

လည်း အောက်စဖို့အိပ်မက် မက်ခဲ့ကြသူတွေ ဘယ်လောက်များမယ်မှ မသိတာ။ ခုတော့ သူတို့တွေ အောက်စဖို့ ကျောင်းထွက်တွေလို့ ပြောနိုင်ပြီပေါ့။ (ကိုယ်လည်းပဲ သူတို့နည်းတူ ပြောမယ်ဆိုက ပြောနိုင်ပြီ။) ဟုတ်တယ်လေ။ အောက်စဖို့ကို အနောက်မြောက်ထောင့်ယွန်းယွန်း အပေါက်ကနေဝင်ပြီး အနောက်တောင်ထောင့် အပေါက်ကနေ ထွက်ခဲ့တာ။ နောက်ပြီး ကျောင်းထဲမှာ သုံးနာရီကျော်ကျော်ကြီးများတောင် နေခဲ့တာ။ နည်းတဲ့အချိန်လား။



ကမ္ဘာ့အလယ်မှာ ဂုဏ်ကြွယ်ခဲ့တဲ့ အောက်စဖို့ကတော့ ခုလည်း ပန်းပန်နေဆဲ။ ကမ္ဘာအရပ်ရပ်က ပညာရှာဖွေလိုသူတွေရဲ့ စိတ်ကူးအိပ်မက်ထဲက နိဗ္ဗာန်ဘုံအဖြစ် ရပ်တည်နေဆဲပါပဲ။ အောက်စဖို့မှာ ထင်ရှားတဲ့နေရာလေးတွေနဲ့ အမှတ်တရဓာတ်ပုံရိုက်တာပေ့ါဆိုတော့ ပထမ မှတ်တမ်းတင်ဖြစ်တာက ဘရော့ဒ်လမ်းပေါ်ကနေ တွေ့ရတဲ့ ရှယ်ဒိုနီးယမ် ပြဇာတ်ရုံ **(Sheldonian Theatre)** ဆိုတဲ့ အဆောက်အဦ။ အဲဒီအချိန်က တက္ကသိုလ်ရဲ့ အကြီးအကဲဖြစ်တဲ့ **Gilbert Sheldon** ကိုဂုဏ်ပြုပြီး မှည့်ခေါ်ထားတာတဲ့။ ဒီအဆောက်အဦက ၁၆၆၄ နဲ့ ၁၆၆၈ ခုနှစ်များအတွင်းမှာ တည်ဆောက်ခဲ့တာ။ နည်းတဲ့နှစ်တွေမှ မဟုတ်တာ။ အဆောက်အဦးထက် အဆောက်အဦရှေ့ ခြံစည်းရိုးမှာရှိတဲ့ အမှတ်ထားလောက်အောင် ထင်ရှားနေတဲ့ ကျောက်ဦးခေါင်းပုံတွေက ကိုယ့်ကိုယ်ဖမ်းစားနိုင်တယ်။ ဒါဘယ်သူ့ဦးခေါင်းပုံတွေလည်း။ ဘာအတွက် ဒီပုံတွေကို ခုလိုထုလုပ်ထားတာလဲပေ့ါ။ အချိန်ရလျင် တစ်ယောက်ချင်းစီရဲ့အကြောင်းကို သိအောင်စူးစမ်းမိဦးမှာ။ ခုတော့ နောက်များမှပေ့ါလို့ ဖြေသိမ့်ရုံပဲပေ့ါ။ ထိုင်ခုံပေါင်း ၈၀၀ နဲ့ ၁၀၀၀ ကြားလောက်ခန့်ဆန့်တဲ့ ဒီရှယ်ဒိုးနီးယန် ပြဇာတ်ရုံကိုတော့ စာသင်ခန်းအဖြစ်၊ တေးသီချင်းဖျော်ဖြေပွဲများပြုလုပ်ရာအဖြစ်၊ အစည်းအဝေးများ ပြုလုပ်ရာအဖြစ်၊ တက္ကသိုလ်ရဲ့ ထင်ရှားတဲ့အခမ်းအနားများဖြစ်တဲ့ ဘွဲ့နှင်းသဘင်လိုအခမ်းအနားများကျင်းပရာနေရာအဖြစ် အသုံးပြုပါသတဲ့။ ဒီနေ့ ကိုယ်ရောက်တော့ အဆောင်က ပိတ်ထားရဲ့။

ရှယ်လ်ဒိုးနီးယန်းအပြီးမှာတော့ ဆိုက်တံတားလေးကို မှတ်တမ်းတင်ဖြစ်တယ်။ **Hartford Bridge** ဆိုတဲ့ တံတားလေးက အောက်စဖို့မှာ ထင်ရှားတဲ့ နေရာလေးတစ်ခုပေ့ါ။ အများကတော့ **(The Bridge of Sighs)** ဆိုက်တံတားလို့ခေါ်တယ်။ အီတလီနိုင်ငံ ဗင်းနစ်မြို့မှာရှိတဲ့ **(The Bridge of Sighs)** ဆိုက်ဆိုတဲ့ တံတားလေးနဲ့ ပုံစံတူတာကြောင့်ပါတဲ့။ ဒီတံတားလေးကို ၁၉၁၄ ခုနှစ်မှာ တည်ဆောက်ခဲ့တာ။ သက်တမ်းရှည် အောက်စဖို့တက္ကသိုလ်အဖို့တော့ ဒီတံတားလေးက အလွန်ငယ်ရွယ်နုပျိုနေသေးတယ်ပေ့ါ။ ကိုယ်ကတော့ အီတလီကို မရောက်ဖူးသေးလို့ အီတလီက ဆိုက်တံတားနဲ့ ဘယ်လောက်တူတယ်ဆိုတာကိုတော့ မပြောနိုင်ပါဘူး။တနေ့မှာတော့ ဗင်းနစ်မြို့ကိုလည်း အသေအချာ ရောက်ဖြစ်ဦးမှာ။ ကမ္ဘာပေါ်က ကိုယ်သွားလိုတဲ့နေရာတွေထဲမှာ ရေပေါ်အိမ်လေးတွေနဲ့ ကမ္ဘာမှာ ထင်ရှားတဲ့ အဲဒီဗင်းနစ်မြို့လေးလည်း တစ်ခု အပါအဝင်။ ဗင်းနစ်ကို ကိုယ်ရောက်တဲ့အခါမှာမှ ဗင်းနစ်က နောင်တော်ဆိုက်တံတားနဲ့ အောက်စဖို့ဆိုက်တံတား ဘယ်လောက်တူတယ်ဆိုတာ အမှန်သိရမှာပေ့ါ။ အဲ့ဒီအခါကျရင်လည်း မင်းကို ကိုယ်ဒီအကြောင်း ပြန်ပြောဖြစ်ဦးမှာပါ။ မင်းက ကိုယ့်အရင် ရောက်ဖြစ်တယ်ဆိုလျင်လည်း ကိုယ့်ကိုယ် ပြောပြပေ့ါ။ ကိုယ်က စိတ်ဝင်စားစွာ နားထောင်ဖို့ အသင့်ပါပဲ။ တကယ်ဆို ကိုယ်က ပြောရတာထက် နားထောင်ရတာကို ပိုနှစ်သက်တယ်လေ။



ဒီဆိုက်တံတားလေးက အမြင် မခမ်းနားပေမယ့် အောက်စဖို့ကို လိုက်ပြသူတွေက ဒီနေရာလေးကို အမှတ်တရ ပြသလေ့ရှိတယ်။ ခရီးသွားတွေလည်း ဒီတံတားလေးကို စိတ်ဝင်စားကြပါသတဲ့။ သူက သမိုင်းအရ ထင်ရှားတဲ့ နယူးကောလိပ်လိန်း လမ်းလေးပေါ်မှာရှိတဲ့ သမိုင်းဝင်နေရာလေးကိုး။ ဟပ်ဖို့ကောလိပ်ရဲ့ အသစ်နဲ့အဟောင်းပိုင်းကို ဆက်သွယ်ထားတဲ့နေရာလေး ဖြစ်သတဲ့လေ။ အခြားသူတွေက ဘယ်လိုနားလည်းလက်ခံကြသလဲတော့ မသိဘူး။ ကိုယ်ကတော့ ဒီလို မခမ်းနားတဲ့ တံတားလေး နာမည်ကျော်နေခြင်းဟာ အသစ်နဲ့အဟောင်း ပေါင်းကူးမှုကို ကိုယ်စားပြုခြင်းဆိုတဲ့ လှပတဲ့ အဓိပ္ပါယ်လေးက အဓိကဖြစ်မယ်လို့ ထင်မိတယ်။

အဟောင်းအသစ်ဆက်သွယ်ရေးဆိုတာက ဘဝရဲ့ အဓိကကျတဲ့ အစိတ်အပိုင်းတစ်ခု။ ဘိုင်အိုလော်ဂျီ ရှုထောင့်ကပဲကြည့်ကြည့်၊ အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာတဲ့ လူ့ယဉ်ကျေးမှု ရှုထောင့်ကပဲကြည့်ကြည့်၊ အဟောင်းအသစ် ပေါင်းကူးဆက်သွယ်ရေးဆိုတာ အရေးကြီးတဲ့ အရာ။ မရှိလို့မှ မဖြစ်တဲ့အရာ။ အထူးသဖြင့် အသိဉာဏ်အခြေခံပြီး ပြောင်းလဲလာတဲ့ လူ့ဖြစ်စဉ်မှာ ပညာရေးဆိုတာ အဟောင်းအသစ် ပေါင်းကူးဆက်သွယ်ပေးမှုမှာ အဓိကအခရာပဲလေ။ ကျန်းမာသန်စွမ်းတဲ့ မျိုးဆက်တစ်ခုကနေ ဖြစ်တည်လာတဲ့ နောက်မျိုးဆက်တစ်ခုဟာ ဖွံ့ထွားရှင်သန်ဖို့ အခွင့်အလမ်းပိုများတယ်လို့ မျိုးဗီဇအကြောင်း လေ့လာသူတွေကဆိုတယ်။ စစ်ဘေးစစ်ဒဏ်ကင်း၊ အကြောက်အလန့်ကင်းရှင်းပြီး အစာအဟာရပြည့်ပြည့်ဝဝရှိတဲ့ မိဘများက မွေးဖွားလာတဲ့ သားသမီးများဟာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဉာဏ်သွေးလည်းကောင်းဖို့ အခွင့်အလမ်း ပိုတယ်လို့ ဘာသာရေးအဆုံးအမတွေကလည်း ညွှန်ပြပါတယ်။ အသိဉာဏ်ပြည့်ဝတဲ့ လူ့အသိုင်းအဝိုင်းမှာ လူသားတစ်ယောက်ဖြစ်ရခြင်းဟာ အတိတ်ကံရဲ့ မျက်နှာသာပေးမှု ပါနိုင်ပါတယ်။ သို့ပေမယ့် ပိုအရေးကြီးတဲ့အချက်ကတော့ အသိဉာဏ်ပြည့်ဝတဲ့ လူ့ဝန်းကျင်အသိုင်းအဝိုင်းမှာ နေထိုင်ရခြင်းက ပစ္စုပ္ပန်ဘဝ မှန်ကန်စွာနဲ့ လှဖို့အတွက် ပဓာနကျတဲ့အရာတစ်ခုပါ ဆိုတာပေါ့။ အသိဉာဏ်ကြွယ်တဲ့လူငယ်တွေ လွတ်လပ်စွာ ဖွံ့ထွားရှင်သန်နိုင်ပါစေလား။

အောက်စဖို့ရှိ **(The Bridge of Sighs)** ဆိုက်ဆိုတဲ့ တံတားလေးက အဟောင်းအသစ် ကမ်းဆင့်လို့ ဆက်သွယ်ခြင်းဆိုတဲ့ အတွေးစကို ကိုယ့်ကို ပေးလိုက်တယ်။ ကိုယ်ကလည်း အလွန်ကြီးမားတဲ့ အရာကြီးတွေ၊ အဖြစ်အပျက်ကြီးတွေပေမယ့် ကိုယ့်စိတ်ကို လာရောက်မငြိလျှင် ဘာသိဘာသာ၊ ဘာသာလဝါ။ ဘာရယ်ညာရယ်၊ ဘာမှ အမှတ်မထားလိုက်တတ်။ သေးသေးငယ်ငယ်လေးပေမယ့် ကိုယ့်စိတ်ကို လာရောက်ငြိခဲ့လျှင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တွေးမိတတ်တယ်။ ခုမြင်ရတဲ့ ဆိုက်တံတားလေးကလည်း ပြောခဲ့သလို မခမ်းနား မထည်ဝါပါဘူး။ ဒါပေမယ့် ကိုယ့်အတွက် သူက မဆုံးနိုင်တဲ့ အတွေးတွေကို သယ်ဆောင်ပေးခဲ့တယ်။ ထားလိုက်တော့၊ ကိုယ့်အတွေးတွေကို။

အဟောင်းအသစ် ပေါင်းကူးဆက်သွယ်ရေးမျိုး မရှိဘူးဆိုလျှင် မျိုးဆက်ပြတ်ကာ အသက်ထွက် သွားတတ်တာမျိုး။ ပညာရေးတန်ဖိုးကို အသိအမှတ်ပြုဖို့ နားမလည်တဲ့၊ ငြင်းဆန်တဲ့ လူ့အဖွဲ့အစည်းဆိုတာ အရာရာ အောက်ကျနောက်ကျ ဖြစ်ကျန်ရစ်တတ်တာ ဘယ်သူမှ ငြင်းစရာမလိုတဲ့ အရာတစ်ခုပဲဟာ။ ဆိုတော့ကာ။ အဟောင်းအသစ်၊ ယှက်နွယ်ကူးလူး၊ အဓိပ္ပါယ်ထူးတဲ့၊ ဒီဆိုက်တံတားလေး ကမ္ဘာကျော်နေတာ ကျော်စရာပါလေ။

ဆိုက်တံတားလေးကပေးတဲ့ အတွေးမဆုံးမီမှာပဲ **Radcliffe Camera**၊ အတိုအားဖြင့် **Rad Cam** လို့ အများခေါ်ကြတဲ့ အောက်စဖို့ရဲ့ ထင်ရှားတဲ့ သင်္ကေတတစ်ခုကို တွေ့ရပြန်တယ်။ နောက်တစ်ကြိမ်ဆုံတဲ့အခါမှာ ကိုယ်ဒီအကြောင်း ပြောပြဦးမယ်လေ။ ဒါပေမယ့် ခဏတော့ စောင့်ပါဦးနော်။ ။

